# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
# Women's League of Burma

## <u>သတင်းထုတ်ပြန်ချက်</u>

### မြန်မာနိုင်ငံတဝှမ်း နအဖစစ်တပ်၏မုဒိမ်းကျင့်မှုများကို "ကျူးလွန်ခွင့်ပြုထားသောစနစ်" ဆိုသည့် အစီရင်ခံစာအသစ်ဖြင့် ထပ်မံဖော်ထုတ်လိုက်ခြင်း

မြန်မာနိုင်ငံနေရာဒေသတိုင်းတွင် စစ်တပ်က ဆက်လက်ထိန်းချုပ်ထားရန် ၎င်းတို့၏ စစ်တပ်အဆောက်အအုံများကို ဆက်လက်တည်ဆောက်နေပြီး ၎င်း၏လက်နက်ကိုင်တပ်များက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်နေခြင်း အား "ကျူးလွန်ခွင့်ပြုထားသောစနစ်" ဆိုသည့် အစီရင်ခံစာအသစ်တခုဖြင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ထပ်မံဖော်ထုတ်လိုက်ပါသည်။

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးစုပြည်နယ်များအပြင် မြန်မာပြည်အတွင်းပိုင်းဒေသများအားလုံးရှိ အမျိုးသမီးများနှင့် မိန်းကလေးများမှာ နအဖစစ်သားများ၏ အုပ်စုလိုက်မုဒိမ်းကျင့်ခြင်း၊ သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာကျွန်ပြုခြင်း၊ အတင်းအကြပ် အိမ်ထောင်ပြုစေခြင်းအပါအဝင် အဓမ္မပြုကျင့်မှုများကို ခံစားနေကြရပါသည်။

စစ်တပ်၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် ပြည်တွင်းစစ်ဖြစ်ပွားရာဒေသများတွင်သာမက အပစ်အခတ် ရပ်စဲ ထားသော နေရာဒေသများတွင်ပါ ဖြစ်ပွားနေသည်ကို အထင်အရှား တွေ့မြင်နေရပါသည်။ စစ်အစိုးရလက်အောက်တွင် မည်သည့်အမျိုးသမီး (သို့မဟုတ်) မိန်းကလေးမဆို လိင်ပိုင်းဆိုင်ရာနှိပ်စက်ခံရခြင်းနှင့် အဓမ္မပြုခံရခြင်းများမှ လုံခြုံဘေးကင်းမှုမရှိဘဲ၊ နိုင်ငံတဝှမ်းမုဒိမ်းမှုကျူးလွန်နေသည့် စစ်သားများ၊ ဗိုလ်ကြီးများ၊ နအဖအရာရှိကြီးများမှာ အပြစ်မှ လွတ်ကင်းနေကြပါသည်။

မှတ်တမ်းတင်ထားသော အုပ်စုလိုက်မုဒိမ်းကျင့်မှုများနှင့် အဓမ္မပြုကျင့်မှုအများစုမှာ အာဏာပိုင်များ (သို့မဟုတ်) စစ်တပ်မှ ထိပ်တန်းအရာရှိများ (သို့မဟုတ်) ၎င်းတို့၏ အပေါင်းအပါများက ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

"စစ်အုပ်ချုပ်ရေးနဲ့ စစ်တပ်ရဲ့ မုဒိမ်းကျင့်မှုဟာ ဒင်္ဂါးတခုထဲရဲ့ ခေါင်းနဲ့ပန်းလိုပါဘဲ" ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ တွဲဘက်အထွေထွေအတွင်းရေးမှူး မသင်းသင်းအောင်က ပြောပါသည်။ "စစ်အစိုးရအနေနဲ့ သူတို့စစ်တပ်က မုဒိမ်းမှုတွေ မကျူးလွန်ပါဘူးလို့ ငြင်းဆန်နေတာနဲ့ဘဲ အချိန်ဖြုန်းမနေသင့်တော့ဘူး။ တကယ်လို့ သူတို့အနေနဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကို တကယ်ဘဲ အဆုံးသတ်စေချင်တယ်ဆိုရင် ပြည်သူတွေရဲ့လက်ထဲကို အာဏာပြန်လွှဲပေးရမယ်။ သူတို့ရဲ့စစ်တပ်တွေကို ဖျက်သိမ်းပစ်ရမယ်။ တရားဥပဒေစိုးမိုးအောင် လုပ်ရမယ်။"

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနှင့် ဒေသတွင်းရှိနိုင်ငံများအား မြန်မာနိုင်ငံအပေါ်ထားရှိသည့် ၎င်းတို့၏ မူဝါဒများကို ပြန်လည်သုံးသပ်ရန်နှင့် ဒီမိုကရေစီစနစ်သို့ အလျင်အမြန် ပြောင်းလဲနိုင်ရေးအတွက် တွန်းအားပေးရန်လည်း မေတ္တာရပ်ခံထားပါသည်။ "စစ်အစိုးရနဲ့ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေလုပ်နေတာဟာ မြန်မာနိုင်ငံထဲက အမျိုးသမီးတွေနဲ့ မိန်းကလေးတွေရဲ့ ဘဝနဲ့ အသက်ကို အန္တရာယ်ပြုနေသလိုပါဘဲ" ဟု အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး နန်းဆိုင်နောင့်က ဆိုပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ မတူကွဲပြားသော တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်း (၁၁) ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် စုပေါင်းအဖွဲ့အစည်း တစ်ခုဖြစ်သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် မိမိ၏ အဓိကရည်မှန်းချက်များဖြစ်သော မြန်မာနိုင်ငံအမျိုးသမီးများအကြား သွေးစည်းညီညွတ်ရေး၊ စွမ်းရည်မြင့်တင်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

<u>ဆက်သွယ်ရန်</u>

နန်းဆိုင်နောင့် Tel: +66 1 884 4963 Email: <wlb@womenofburma.org>
မသင်းသင်းအောင် Tel: + 66 7 187 77 35 (or) + 91 9891252316 Email: <thinaung@mizzima.com>